## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## ကြော်ငြာစာအမှတ် (၁/၂၀၂၂)
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) ရာထူးနေရာ(၈) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ရာထူးနေရာအတွက် လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။ (အမျိုးသားဦးစားပေးရွေးချယ်မည်)

(ဂ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ပြီး၊ ဤဦးစီးဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် အသက်(၂၀) နှစ်ပြည့်ပြီး (၂၈) နှစ်ထက် မကျော်သူဖြစ်ရမည်။ လက်ရှိတာဝန်ထမ်းဆောင်သူဖြစ်ပါက အသက်(၄၀)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို နေပြည်တော်၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီမံရေးရာဌာနခွဲတွင် ရယူနိုင်ပါသည်။

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရပါမည် –

(က) ပညာအရည်အချင်း အထောက်အထားအတွက် ဘွဲ့လက်မှတ်အောင်လက်မှတ် (မိတ္တူ)

(ခ) ပတ်စ်ပို့အရွယ်ဓါတ်ပုံ (၅) ပုံ

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးထံမှ (၆)လအတွင်း ရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက် (မူရင်း)

(ဃ) သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၆)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)

(င) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

(စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ ဆေးစစ်ချက် ထောက်ခံချက် (မူရင်း)

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်(မိတ္တူ)

၅။ နိုင်ငံ့ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူ၍သော်လည်းကောင်း၊ ပြင်ပမှ လျှောက်ထားသူများအနေဖြင့် ဉ်ီးစီးဌာန(နေပြည်တော်)ရုံးသို့ လျှောက်လွှာကို ၂၆-၈-၂၀၂၂ ရက်နေ့အရောက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်မည်။

၆။ လျှောက်ထားသူများကို ၃-၉-၂၀၂၂ ရက်နေ့၊ နံနက်(၁၀:၃၀) အချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၌ အောက်ပါ အတိုင်း အရည်အချင်းစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပြီး အင်္ဂလိပ်စာ(ရေးဖြေ)နှင့် ကွန်ပျူတာ ကျွမ်းကျင်မှုလက်တွေ့အောင်မြင်သည့်အမည်စာရင်းကို ၃-၉-၂၀၂၂ ရက်နေ့တွင် လည်း ကောင်း၊ ရွေးချယ်ခန့်ထားမည့်အမည်စာရင်းကို ၄-၉-၂၀၂၂ ရက်နေ့တွင်လည်းကောင်း၊ ရုံးအမှတ်(၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရှိ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန၏လိပ်စာ Website (www.myantrade.gov.mm) တို့တွင် ထုတ်ပြန်ကြေညာထားမည် ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ(ရေးဖြေ) | ၃-၉-၂၀၂၂ | နံနက်(၁၀:၃၀ မှ ၁၁:၃၀ ထိ) |
| (ခ) | ကွန်ပျူတာကျွမ်းကျင်မှုလက်တွေ့ | ၃-၉-၂၀၂၂ | နေ့လယ်(၁၂:၃၀မှ ၁၃:၀၀ ထိ) |
| (ဂ) | အထွေထွေဗဟုသုတ(လူတွေ့) | ၄-၉-၂၀၂၂ | နံနက်(၁၀:၃၀ မှ ၁၅:၃၀ ထိ) |

၇။ ဖြေဆိုခွင့်ကတ်ပြားကို ၂-၉-၂၀၂၂ ရက်နေ့တွင် မိမိလျှောက်ထားသည့် ရုံးအမှတ်(၃)၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊စီမံရေးရာဌာနခွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) နှင့်အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၈။ အသက်ကန့်သတ်ချက် ကျော်လွန်သူများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျ၍ လျှောက်ထားသူများအား လက်ခံစဉ်းစားမည် မဟုတ်ပါကြောင်း၊ အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၃)၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၆၇-၄၀၈၆၁၂၊ ၀၆၇-၄၀၈၆၂၈ သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့